တရားမပုံစံ–၉၄

**ဤပုံစံကို အသုံးပြုရန်အတွက် တရားမပုံစံအမှတ်–၉၆ ကိုကြည့်**

**" ကြော်ငြာကပ်ရန်နေရာများ "**
(၁)အချင်းဖြစ်နေအိမ်
(၂ )သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံး
(၃)အသေးစားနှင့်အလတ်စားဘဏ်ခွဲ၊ မြင်းခြံမြို့
(၄)မြင်းခြံခရိုင်တရားရုံး
(၅)အမှုတွဲလက်ခံ

**ရောင်းရန်ကြော်ငြာစာ**

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆ )**

**မြင်းခြံခရိုင် တရားရုံးတော်၌**

**၂၀၂၀ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၃၈**

| | | |
|---|---|---|
| အသေးစားနှင့်အလတ်စားစက်မှုဖွံ့ဖြိုးရေးဘဏ်<br>(၎င်း၏ကိုယ်စားလှယ်ဒေါ်စံပယ်လွင်၊ဒုတာဝန်ခံ) | နှင့် | ၁။ဦးကျော်ဝေ ၂။ဒေါ်မြင့်ကြည် ၃။ဦးမြင့်ငွေ<br>၄။ဒေါ်နန်းခင်သိန်း၅။ဦးတင်မောင်လွင်<br>၆။ဒေါ်အေးအေးကြည် ၇။ဦးစိုးမင်းထိုက်<br>၈။ဒေါ်ခင်လေးနွယ် ၉။ဦးကိုကိုလေး<br>၁၀။ ဒေါ်စုစုထွန်း |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

မြင်းခြံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၃၀/၂၀၁၉အမှု၌(၁၁.၆.၂၀၂၀)ရက်နေ့တွင် ရရှိခဲ့သော အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက်အောက်တွင်ဖော်ပြထားသောပစ္စည်းများကို **၂၀၂၄–ခုနှစ်၊ မတ်လ (၁၁) ရက် (၁၃၈၅–ခုနှစ်၊တပေါင်းလဆန်း(၂)ရက်)နံနက်(၁၀း၀၀)နာရီ**တွင် ၎င်းပစ္စည်းများတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**<u>လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ</u>**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်ထားသည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချခြင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်(၁၀၀)လျှင် (၂၅)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်တွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄-ခုနှစ်၊ ဇန်နဝါရီ လ ၂၆ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

( တင့်တင့်ဌေး )
ခရိုင်တရားသူကြီး

## ပစ္စည်းစာရင်း

မြင်းခြံမြို့၊အမှတ်(၁၆)ရပ်ကွက်အတွင်းရှိကွင်း/အကွက်အမှတ်(၃၉-က)၊စွန်းလွန်း၊ဦးပိုင်အမှတ်(၆-ခ)၊ ဦးမြင့်ငွေအမည်ပေါက်၊ ဧရိယာ(၀.၈၁၇)ဧက၊ကွင်း/အကွက်အမှတ်(၃၉-က)၊ စွန်းလွန်း၊ ဦးပိုင်အမှတ်(၁၉-ခ+၂၁)၊ ဦးကိုကိုလေးအမည်ပေါက်၊ဧရိယာ(၀.၇၃၁)ဧက၊ကွင်း/အကွက်အမှတ်(၃၉-က)၊စွန်းလွန်း၊ဦးပိုင်အမှတ်(၆-ဃ)၊ ဦးတင်မောင်လွင် အမည်ပေါက်ဧရိယာ(၀.၈၂၁)ဧက၊ ကွင်း/အကွက်အမှတ်(၃၉-က)၊ စွန်းလွန်း၊ ဦးပိုင်အမှတ်(၆-င+၁၉-က)၊ ဦးစိုးမင်းထိုက် အမည်ပေါက်၊ ဧရိယာ(၀.၈၂၁)ဧကရှိ နှစ်(၃၀)ဂရန် မြေကွက်များနှင့် ယင်းမြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော(၁)(၇၀×၆၄)ပေ+(၅၀×၂၀)ပေ၊ ဧရိယာ(၅၄၈၀)စပေရှိ အာရ်စီ(၁)ထပ်ဂိုဒေါင် (၁)လုံး၊(၂)(၂၁×၁၇)ပေ(၄၅×၆၀)ပေ၊ ဧရိယာ(၃၀၅၇)စပေရှိ (၁)ထပ်အုတ်ညှပ် နှင့် တွဲလျှက် ဆေးချောက်ရုံ အဆောက်အဦ (၁)လုံး၊ (၃) (၅၆×၁၀)ပေ၊ဧရိယာ(၅၆၀)စပေရှိ သွပ်မိုးအုတ်ကာ (၁)ထပ်ဆေးပေါင်းရုံ အဆောက်အဦး(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

လေလံကြမ်းခင်းဈေးကျပ်သိန်း(၈၈၀၀)
အရောင်းကြော်ငြာသွင်းရန်နေ့= ၉.၂.၂၀၂၄
ရောင်းချမည့်နေ့ = ၁၁.၃.၂၀၂၄
ဘိလစ်အစီရင်ခံစာတင်ရန်နေ့ = ၁၃.၃.၂၀၂၄